# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၄၅)၊ ဒီဇင်ဘာ ၁၂ ရက်၊ ၂၀၁၇


## ရခိုင်ပြည်နယ်ထွက် သဘာဝသယံဇာတများကို ပြည်နယ်က စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ် အချို့ကို ခွဲဝေအသုံးပြုခွင့်ပေးရေးအဆို ပြည်နယ်လွှတ်တော်အတည်ပြု

ဒီဇင်ဘာ ၂၊ ၂၀၁၇

ရခိုင်ပြည်နယ်က ထွက်သော သဘာဝသယံဇာတများကို ပြည်နယ်က စီမံခန့်ခွဲခွင့်နှင့် အကျိုးအမြတ်အချို့ ခွဲဝေအသုံးပြုခွင့်ပေးရေး ပြည်နယ်အစိုးရက တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ရခိုင်ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့သည်။

ယင်းအဆိုကို ပေါက်တော မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ထွီးက နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ တင်သွင်းခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပသည့် အစည်းအဝေး၌ အတည်ပြုခဲ့သည်။ အထက်ပါအဆိုတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဒေသခံများ၏အခွင့်အရေးကို မထိခိုက်ရေး စီမံဆောင်ရွက်ပေးရန်အချက်လည်း ထည့်သွင်းတင်ပြခဲ့သည်။

"လူ့အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူသားအရင်းအမြစ်(သို့မဟုတ်) သဘာဝ သယံဇာတက အရင်းအမြစ်တစ်ခုခုကို အခြေခံအရင်းတည်ပြီး ဆောင်ရွက်ရပါတယ်။ ယနေ့အ ချိန်မှာ လူသားအရင်းအမြစ်ဟာ ရခိုင်ပြည်နယ်မှာ မရှိသလောက် ရှားပါးလို့နေပါတယ်။ အဲဒါကြောင့် ရခိုင်ပြည်နယ်ရဲ့ လူမှုစီးပွားကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်မှထွက်ရှိသော သဘာဝသယံဇာတ တွေကို အမှီသဟဲပြုပြီး ပထမအဆင့် အနေဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ဦးအောင်ကျော်ထွီးက ဆိုသည်။

အဆိုနှင့်ပတ်သက်၍ လွှတ်တော်တွင် အကြိတ်အနယ်ဆွေးနွေးခဲ့ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ကြောင်း ဦးအောင်ကျော်ထွီးက ပြောသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော ပြည်နယ်ဖြစ်၍ ရသင့်ရထိုက်သော သဘာဝသယံဇာတ အကျိုးခံစားခွင့်ကို ယင်းသယံဇာတထွက်ရှိရာ ဒေသများရှိ တိုင်းရင်းသားပြည်သူများအတွက် ခွဲဝေပေးရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ တစ်ရက်လျှင်ဓာတ်ငွေ့ကုဗပေ သန်း ၅၀၀ ကို တရုတ်နိုင်ငံသို့ နေ့စဉ်တင်ပို့နေပြီး မြန်မာအစိုးရသည် ယင်းစီမံကိန်းမှ တစ်နှစ်လျှင် ကန်ဒေါ်လာ သန်း ၁,၀၀၀ ကျော်ရရှိနေကြောင်း ဦးအောင်ကျော်ထွီးက ပြောသည်။

**(ကိုးကား:- 7daydaily)**

## ပေးအပ်ထားသောတာဝန်များ ကျေပွန်ခြင်းမရှိဟု စည်ပင်ဝန်ကြီး ဦးမင်းအောင်အား ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦး စွပ်စွဲပြစ်တင်မှု စုံစမ်းစစ်ဆေး

ဒီဇင်ဘာ ၆၊ ၂၀၁၇

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်သည် ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုများ ရှိနေခြင်းဆိုသည့် စွပ်စွဲချက်များနှင့် လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်လက်မှတ်ထိုးကာ ရခိုင်ပြည်နယ်လွှတ်တော်မှ စုံစမ်းဆေးအရေးယူရန် ဒီဇင်ဘာလ ၅ ရက်နေ့က စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းကာ တာဝန်ပေးထားကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ထံမှ သိရသည်။

ဦးမင်းအောင်ကို စည်ပင်သာယာရေးဝန်ကြီးရာထူးမှ ရပ်စဲနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် နိုင်ဝင်ဘာလ ၂၉ ရက်နေ့က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦး၏ တင်ပြချက်အပေါ် ရခိုင်ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပုံအခြေခံ ပုဒ်မ(၂၆၃) ပုဒ်မခွဲ(ဂ)နှင့်အညီ ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်ဇော်မြင့် အဖွဲ့ခေါင်းဆောင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်(၅)ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ထားသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် စွပ်စွဲပြစ်တင်ချက်ပါ အချက်အလက်များအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ(၁၉)ရက်နေ့ နောက်ဆုံးထားကာ ရခိုင်ပြည်နယ်လွှတ်တော်ရုံးသို့ ပြန်လည်အစီရင်ခံတင်ပြရမည်ဖြစ်သည်။

**(ကိုးကား:- Development Media Group)**

# အုပ်ချုပ်ရေးကိစ္စရပ်များ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ရန်အဆို မွန်ပြည်နယ်လွှတ်တော်တွင် ရှုံးနိမ့်

**ဒီဇင်ဘာ ၈၊ ၂၀၁၇**

မွန်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုကောင်းမွန်စေရေး အားစိုက်ဆောင်ရွက်ရန် အဆိုကိုမဲခွဲဆုံးဖြတ်ရာ ကန့်ကွက်သူများ၍ အဆိုရှုံးနိမ့်ခဲ့သည်။

ယင်းအဆိုကို ဒီဇင်ဘာ ၆ ရက်က သထုံမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက တင်သွင်းပြီးဒီဇင်ဘာ ၇ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အဆိုကို ထောက်ခံဆွေးနွေးခဲ့ကြသည်။ မဲခွဲဆုံးဖြတ်ရာတွင်မူ ထောက်ခံမဲ (၉) မဲ၊ ပယ်မဲ (၁) မဲနှင့် ကန့်ကွက်မဲ (၁၉)မဲဖြင့် အတည်မပြုနိုင်ကြောင်း သိရသည်။

၎င်းအဆိုကို ကန့်ကွက်ဆွေးနွေးခဲ့သည့် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ဒီအဆိုတင်သွင်းလာပြီး အစိုးရက အတည်ပြုပြီးမှ အုပ်ချုပ်ရေးအားပိုမိုကောင်းမွန်ဖို့ လုပ်ရမယ်မဟုတ်ဘူး၊ အမြဲတမ်း အားစိုက်ဆောင်ရွက်နေလျက်ပါ၊ ဒီအဆိုကြောင့် အစိုးရနဲ့ လွှတ်တော်ကြား သဘောထားကွဲလွဲနေတယ်လို့ ပြည်သူတွေမြင်နိုင်လို့ ဒီအဆိုကို ဆိုင်းငံ့ပေးပါလို့ ပြောကြားလိုပါတယ်"ဟု ပြောသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အနည်းကျဉ်းသော မကောင်းသည့်သူအချို့ကြောင့် ကျန်သူများအား ထိခိုက်စေနိုင်သည့်ကိစ္စမျိုး မလုပ်သင့်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် လွှတ်တော်မှ အတည်ပြုထားပြီးသော အဆိုများ၊ ကတိကဝတ်ထားသော ကိစ္စရပ်များကို အတတ်နိုင်ဆုံး အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကောင်ထည်ဖော်ရန် ဘတ်ဂျက်ငွေ အခက်ခဲ(သို့) အခြေအနေကြောင့် အချို့သောကိစ္စရပ်များ အနည်းငယ် ကြန့်ကြာနေရသည်ဟု ဝန်ကြီးချုပ်က ဆက်ပြောသည်။

အဆိုတင်သွင်းသူ ဦးအောင်ကျော်သူက " အစိုးရရဲ့ မူဝါဒတွေကောင်းမွန်စေရေး ဒီမူဝါဒတွေကို အကောင်ထည်ဖော် ဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာ ဌာန တွေအနေနဲ့ အစိုးရရဲ့ ပုံရိပ်ကော၊ အစိုးရရဲ့မူဝါဒနှင့် ဆန့်ကျင်ပြီးပြုလုပ်နေတဲ့ လုပ်ဆောင်ချက်တွေကို အစိုးရအဖွဲ့တွေကော ပိုမိုတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ပြည်သူရဲ့ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ဖြစ်ပါတယ်"ဟု ပြောသည်။

လွှတ်တော်မှာ မေးခွန်းမေးမြန်းသည့် ကာလတစ်ခုမှာသာ လဝကရုံးများတွင် ပြည်သူအတွက် ဝန်ဆောင်မှု၊ ငွေကြေးကောက်ခံမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ပေးခဲ့ပြီး ယင်းနောက်ပိုင်းတွင် ယခင်အခြေအနေဟောင်းအတိုင်း ငွေတောင်းခံမှု ပြန်လည်ရှိနေကြောင်း၊ အခြားကိစ္စရပ်တွေမှာလည်း ထို့အတူရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ထောက်ပြဆွေးနွေးသည်။

**(ကိုးကား:- 7daydaily/Mon News Agency)**

# သတင်းတို

● တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပိုင်ဆိုင်သည့်ပစ္စည်းတွေကိုရောင်းချခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ရေးဆွဲပေးရန် တိုင်းအစိုးရကို တိုက်တွန်းကြောင်းအဆိုကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့သည်။ ယင်းအဆိုကို ချမ်းမြသာစည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကိုတင်ပြခဲ့ရာ ထိုဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းရန် သင့်မသင့် ကိစ္စရပ်နှင့်ပတ်သက်ပြီး ခုံရုံးက ဆုံးဖြတ်ပေးရန် တာဝန်မရှိကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကို ပြန်ကြားခဲ့ပြီးဖြစ်သည်ဟု သိရသည်။

**(ကိုးကား:- www.rfa.org)**

● ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ယခင်က မရှိခဲ့ဖူးသည့် ဒုစရိုက်မှုများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် အစိုးရ၏ ဆောင်ရွက်ထားရှိမှု အခြေအနေကို အင်ဂျန်းယန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါ်နကက ကချင်ပြည်နယ် လွှတ်တော်တွင် ဒီဇင်ဘာ ၄ ရက်နေ့က မေးမြန်းခဲ့သည်။ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ဖြေကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်မိရပ်ဖများက နေ့စဉ်ပူးပေါင်း ကင်းလှည့်ပြီး မြစ်ကြီးနားမြို့အတွင်း ဒုစရိုက်မှုတွေကို ကာကွယ်တားဆီးနေသည်ဟု ဆိုသည်။ ထို့ပြင် မြစ်ကြီးနားမြို့တွင် ရဲတပ်ဖွဲ့ဝင် ၁ဦးသည် ပြည်သူတစ်ထောင်ကျော်ကို လုံခြုံရေးဆောင်ရွက်နေရကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်အင်အားထပ်မံဖြည့်တင်းရန် ဆောင်ရွက်သွားမည်ဟု ဖြေကြားခဲ့သည်။

**(ကိုးကား:- www.rfa.org)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
**သတင်းစာစဉ်**
စုစည်းတင်ပြသူ
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း
ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅
www.emref.org
www.mypilar.org
www.facebook.com/emrefmyanmar

# မိုင်းရှူးမြို့မြောက်ဘက် လမ်းဖောက်လုပ်ရေးစီမံကိန်း တပ်မတော်က ရှမ်းပြည်နယ်အစိုးရထံ တစ်စုံတရာ ပြောကြားခြင်းမရှိဟု လမ်းပန်းဝန်ကြီးပြော

**ဒီဇင်ဘာ ၆၊ ၂၀၁၇**

အစိုးရတပ်မတော်နှင့် ရှမ်းပြည်တပ်မတော် စစ်ရေးအပြင်းပွားသည့် နယ်မြေ မိုင်းရှူးနယ်အတွင်း ကားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ မသိရှိရဘဲ တပ်မတော်ဘက်မှ စီစဉ်နေခြင်းသာဖြစ်သည်ဟု ရှမ်းပြည်နယ်အစိုးရလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပြောသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း(မိုင်းရှူး-၂)က "လမ်းဖောက်လုပ်မည့် ဒေသအနီးတစ်ဝိုက်တွင် လက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုလှုပ်ရှားရာဒေသဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနကဦးစီးပြီး လမ်းဖောက်လုပ်လျှင် စစ်ရေးလှုပ်ရှားမှုများ ရှိလာနိုင်ပြီး တိုက်ပွဲများဖြစ်ပေါ်လာနိုင်ကြောင်း" ကြယ်ပွင့်ပြမေးခွန်း တင်ပြမေးမြန်းခဲ့ခြင်းဖြစ်သည်။



နန်းကောင်ခမ်း၏မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက "မိုင်းရှူးနယ်မြေအတွင်းရှိ လွိုင်နိုင်၊ ဝမ်လွယ်မှ သံလွင်မြစ်အနီး တာဝန်းနောင် ကူးတို့ဆိပ်သို့ မူလရှိသော ကားလမ်းအား တပ်မတော်မှ အဆင့်မြှင့်တင်ဖောက်လုပ်သွားမည့် အကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တစ်စုံတရာ အကြောင်းကြားမှု မရရှိသေးဟုသာ ဖြေကြားသည်။

"လွယ်နိုင်းနှင့် ဝမ်လွယ်အုပ်စုအတွင်းရှိ ကျေးရွာချိတ်ဆက်လမ်းတွကို လက်နက်ကိုင်အဖွဲ့အစည်းတွေက ဦးဆောင်ပြီး ဖောက်လုပ်မယ်ဆိုရင် နှစ်ဖက်ထိတွေ့ တိုက်ပွဲတွေဖြစ်ပေါ်လာနိုင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေနိုင်တဲ့အတွက် ဘယ်လက်နက်ကိုင် အဖွဲ့အစည်းကိုမှ မဆောင်ရွက်စေလိုပါဘူး၊ တကယ်လို့ ဖော်ပြပါလမ်းတွေ အမှန်တကယ် ဖောက်လုပ်သွားခဲ့မယ်ဆိုရင် လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်တဲ့ အရပ်ဘက်အဖွဲ့ဖြစ်တဲ့ ကုမ္ပဏီများကိုသာ တာဝန်ယူဖောက်လုပ်သွားစေလိုတယ်လို့ ပြည်သူလူထုဘက်က တောင်းဆိုလာတယ်"ဟု ဒေါ်နန်းကောင်ခမ်းက ပြောသည်။

အစိုးရတပ်မတော်သည် ဒေသအတွင်း လမ်းဖောက်လုပ်ရေး စီမံကိန်းအတွက် မိုင်းရှူး-တန့်ယန်းလမ်းမမှတဆင့် ဝမ့်လွယ်၊ လွယ်နိုင်၊ တာ့ဝန်းနောင်း (သံလွင်မြစ်ကူးတို့ဆိပ်) လမ်းပေါ်ရှိ SSPP/SSA တပ်များဆုတ်ပေးရန် အောက်တိုဘာလဆန်းပိုင်းက ပြောကြားလာသဖြင့် နှစ်ဖက်စစ်ရေးတင်းမာမှုရှိခဲ့ကြောင်း SSPP/SSA မှ ပြန်ကြား ရေးအရာရှိက သျှမ်းသံတော်ဆင့်အား ပြောပြခဲ့ဖူးသည်။

**(ကိုးကား:- www.burmese.shannews.org)**

---

# ဘီးလင်း ယထက(ယာယီ)ကော်မတီကို ဖျက်သိမ်းပေးမည်ဟု မွန်ဝန်ကြီးဆို

**ဒီဇင်ဘာ ၇၊ ၂၀၁၇**

၂၀၁၂ ခုနှစ်တွင်ပြဌာန်းခဲ့သော မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေနှင့် မကိုက်ညီသည့်သူများနှင့် ဖွဲ့စည်းထားသော ယထက(ယာယီ)ကော်မတီကို ပြည်နယ်အစိုးရက မှားယွင်းစွာအတည်ပြုပေးခဲ့၍ ယင်းကော်မတီကို ပြန်လည်ဖျက်သိမ်းပေးရန်ရှိမရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး (ဘီးလင်း-၁)၏ မေးခွန်းအပေါ် ဖျက်သိမ်းပေးမည်ဟု မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးထွန်းဌေးက ဒီဇင်ဘာ ၆ ရက်နေ့ မွန်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ယထက (ယာယီ)ကော်မတီ၏ဥက္ကဌသည် အသက်(၇၀)ကျော်နေခြင်း၊ ကော်မတီ၏အတွင်းရေးမှူးသည် ယာဉ်လုပ်ငန်းမရှိခြင်း၊ တွဲဖက်အတွင်းရေးမှူးသည်လည်း ယာဉ်လုပ်ငန်းလိုင်စင်မရှိသူဖြစ်နေခြင်းကြောင့် မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေနှင့် နည်းဥပဒေပုဒ်မ ၁၆ (က)နှင့်(င)တို့နှင့် ကိုက်ညီမှုမရှိကြောင်း သိရသည်။

ယင်းယထက(ယာယီ)ကော်မတီကို ၂၀၁၇ စက်တင်ဘာလ (၁၄)ရက်နေ့ နေ့စွဲပါအမိန့်စာဖြင့် ယာယီကော်မတီမှ မြို့နယ်(ယထက) ကော်မတီအဖြစ် ဝန်ကြီးဦးထွန်းဌေးက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ယထက(ယာယီ)ကော်မတီကို စိစစ်ပေးပါရန် တင်ပြလာသော ယာဉ်ပိုင်ရှင်များကို ပစ်မှတ်ထားကာ ဂိတ်ပိတ်ခြင်း၊ လိုင်းမှထုတ်ပယ်ခြင်းစသော သတိပေးစာများကို လမ်းဘေးလျှပ်စစ်မီးတိုင်များတွင် ကပ်ထားခြင်းများ ပြုလုပ်ကြောင်း၊ ၎င်းကိစ္စများနှင့်စပ်လျဉ်းပြီး (၁၃-၁၁-၂၀၁၇) ရက်စွဲပါစာဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံလိပ်မူ၍ မြို့နယ် (ယထက)ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ဆိုင်းငံ့ထားပေးရန် ယာဉ်ပိုင်ရှင် (၆၀)ကျော်က လက်မှတ်ရေးထိုးတင်ပြခဲ့ကြောင်း သိရသည်။

**(ကိုးကား:- Mon News Agency)**